# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ကျောက်ကြီးမြို့နယ်

## လူထုဗဟိုပြုစီမံကိန်း

## National Community Driven Development Project

## (NCDDP)

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

## ကျောက်ပုံတောင်ကျေးရွာအုပ်စု၊ စပ်လဲကျေးရွာ

## ဖေဖော်ဝါရီလ၊ ၂၀၁၇ ခုနှစ်

## မာတိကာ

စဉ် အကြောင်းအရာ


၁။ မြို့နယ်မြေပုံ

၂။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၃။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်း(PSA /PRA)အကျဉ်းချုပ်ဇယား

၄။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၅။ ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းစဉ်များ

၆။ ကော်မတီဝင်များစာရင်း

၇။ ကျေးရွာအချက်အလက် (ပုံစံ - ၁)

၈။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ - ၂)

၉။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ - ၃)

၁၀။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းများရွေးချယ်ခြင်း (ပုံစံ - ၄)

၁၁။ အစည်းအဝေးမှတ်တမ်းများ

၁၂။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ် တမ်းဓာတ်ပုံများ

# ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## မြို့နယ်မြေပုံ



ကျောက်ပုံတောင်ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများ စာရင်း

စပ်လဲကျေးရွာ

စုစုပေါင်းကျေးရွာအရေအတွက်မှာ (၁) ရွာဖြစ်ပါသည်။


## လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် ( PRA/PSA ) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးအရင်းအအမြစ်ပြမြေပုံ | ၂၂.၂.၂၀၁၇ | ရွာသူရွာသားများ | ၇ | ၁၆ | ၂၃ | အိမ်အမျိုးအစား၊အခြေခံအဆောက်အဦးများလမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေ၊ရေတွင်း၊ရေကန်၊သစ်တောများကိုမှတ်သားပြီး၊အသုံးပြုနိုင်မှုပြဿနာအခက်အခဲများကိုဆန်းစစ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၂.၂.၂၀၁၇ | ရွာသူရွာသားများ | ၇ | ၁၆ | ၂၃ | ရာသီဥတု၊စိုက်ပျိုးသီးနှံများလယ်ယာလုပ်ငန်းများ၊နေ့စားကျပန်းလုပ်ငန်းများ၊ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၂၂.၂.၂၀၁၇ | ရွာသူရွာသားများ | ၇ | ၁၆ | ၂၃ | ကျေးရွာလူမှုစီးပွားအုပ်စုခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်းကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ကျား/မရေးရာပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၂.၂.၂၀၁၇ | ရွာသူရွာသားများ | ၈ | ၁၇ | ၂၅ | အရင်းအမြစ်များစာရင်းပြုစု ခြင်းအရင်းအမြစ်များကိုကျား/မပိုင်ဆိုင်မှု၊ထိန်းချုပ်မှု၊အသုံး ပြုနိုင်မှုကိုဆန်းစစ်လေ့လာခြင်း |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | အဖွဲ့အစည်းချိတ် ဆက်မှု လေ့လာခြင်း | ၂၂.၂.၂၀၁၇ | ရွာသူရွာသားများ | ၈ | ၁၇ | ၂၅ | ကျေးရွာဖွံ့ဖြိုးရေးအတွက်ရွာတွင်းရွာပြင်အဖွဲ့ အစည်းအသီးသီးနှင့်မည်သို့ချိတ်ဆက်လုပ်ဆောင်ကြသည်ကိုလေ့လာဆန်းစစ်ခြင်း |
| ၆ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၂၂.၂.၂၀၁၇ | ရွာသူရွာသားများ | ၈ | ၁၇ | ၂၅ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှု/မရရှိမှုနှင့်ကွာဟချက်ကိုဆန်းစစ်ခြင်း |
| ၇ | ကျေးရွာ၏ဦးစားပေးအစီအစဉ် | ၂၂.၂.၂၀၁၇ | ရွာသူရွာသားများ | ၁၅ | ၃၃ | ၄၈ | အကျိုးခံစားခွင့်၊အကျိုးပြုသူဦးရေအဓိကလိုအပ်ချက်အပေါ် မူတည်၍စီမံကိန်းရေးဆွဲခြင်း |

# အရင်းအမြစ်ပြမြေပုံ

ကျေးရွာ - စပ်လဲ　　　　အုပ်စု - ကျောက်ပုံတောင်　　　　ရက်စွဲ - ၂၂.၂.၂၀၁၇



**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျောက်ပုံတောင်အုပ်စု၊စပ်လဲကျေးရွာ၏လူမှုရေးအရင်းအမြစ် ပြမြေပုံသုံးသပ်ချက်။**

**နေ့စွဲ - ၂၂.၂.၂၀၁၇**

စပ်လဲကျေးရွာသည် ကျောက်ကြီးမြို့၏အရှေ့တောင် (၂) မိုင်ခန့်တွင်တည်ရှိပါသည်။ အိမ်ခြေစုစုပေါင်း (၉၄) အိမ်ရှိပါသည်။ စပ်လဲကျေးရွာတွင် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာကိုကိုးကွယ်ကြပြီး ဘုန်းတော်ကြီးကျောင်းနှင့်ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ကျောင်းလဲရှိပါသည်။လူဦးရေ (၅၃၉) ရှိပြီးအမျိုးသား (၂၆၃) ဦးနှင့်အ မျိုးသမီး (၂၇၆) ဦးရှိပါသည်။

ပညာရေး

စပ်လဲကျေးရွာသည် မူလွန်ကျောင်းတစ်ကျောင်းရှိပြီး သာသနာမူကြိုကျောင်းတစ်ကျောင်းလဲရှိပါသည်။ စီမံကိန်းပထမနှစ်တွင်ကျောင်းဆောင်ပြုပြင်ခြင်းလုပ်ငန်းကိုလုပ်ကိုင်ပြီးဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး

စပ်လဲရွာ၏ရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်ပြီးကျောက်ကြီးမြို့သို့သွားသောလမ်းမှာဂဝံလမ်းတစ်ဂက်နှင့်ကတ္တရာလမ်းတစ်ဂက်ဖြစ်ပါသည်။ရွာတွင်းလမ်းမကောင်းခြင်းကြောင့်သွားလာရေးခက်ခဲပါသည်။

ကျန်းမာရေး

စပ်လဲကျေးရွာသည် ဆေးပေးခန်းမရှိသဖြင့် ကျန်းမာရေးအခက်အခဲဖြစ်လာပါက ကျောက်ကြီးမြို့သို့တက်ရောက်ကုသရသည်။

စီးပွားရေး

စပ်လဲကျေးရွာသည် လယ်၊ ယာ၊ ဥယျာဉ်နှင့် ကျဘမ်းအလုပ်များကို လုပ်ကိုင်ကြပါသည်။ စပ်လဲကျေးရွာတွင်ကျဘမ်းလုပ်ကိုင်သူပေါများပြီး အလုပ်အကိုင်နည်းပါးမှုကြောင့် စားဂတ်နေရေးအတွက်အခက်အခဲဖြစ်နေပါသည်။

ပြဿနာအနှစ်ချုပ်

စပ်လဲကျေးရွာ၏ပြဿနာအနှစ်ချုပ်မှာ ရွာတွင်းလမ်းမကောင်းသည့်အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွား ရေးတို့တွင်အခက်အခဲရှိပါသည်။ အလုပ်အကိုင်ရှားပါးမှုကြောင့်စားဝတ်နေရေးခက်ခဲကြသည်။

ပါဝင်ဆွေးနွေးသူ - ကျေးရွာသူကျေးရွာသားများ

ပါဝင်ဆွေးနွေးသူအရေအတွက် - ကျား - ၇ ၊ မ - ၁၆

# ရာသီခွင်ပြပြက္ခဒိန်

**ကျေးရွာ - စပ်လဲ** **အုပ်စု - ကျောက်ပုံတောင်** **နေ့စွဲ - ၂၂.၂.၂၀၁၇**

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ဥယျာဉ်ခြံလုပ်ငန်း | | | | ★★★ | ★★★ | ★★ | ★★★ | | | | ★★ | ★★ |
| လယ်လုပ်ငန်း | | | ✱ | ✱✱ | ✱✱✱ | | | ✱✱✱ | | | | |
| တောင်ယာလုပ်ငန်း | | | ▲▲▲ | | | ▲▲▲ | ▲▲ | ▲▲▲ | | | | |
| ကျဘမ်း | ◻◻ | ◻◻ | ◻◻ | ◻◻ | ◻◻ | ◻◻ | ◻◻ | ◻◻ | ◻◻ | ◻◻ | ◻◻ | ◻◻ |
| ပွဲတော်ကာလ | ●●● | | | | | | | | ●●● | | | |
| ဝင်ငွေရရှိမှု | | | | ✖✖✖ | ✖✖✖ | ✖ | ✖ | | | | | |
| ကျန်းမာရေး | ✦ | ✦ | ✦✦ | ✦✦✦ | | | | | | | | ✦ |

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့ နယ်၊ကျောက်ပုံတောင်အုပ်စု၊စပ်လဲကျေးရွာ၏ရာသီခွင်ပြပြက္ခဒိန်သုံးသပ်ချက်။**

**နေ့စွဲ - ၂၂.၂.၂၀၁၆**

စပ်လဲကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းများမှာ လယ်၊ ယာ၊ ဥယျာဉ်နှင့် ကျဘမ်းလုပ်ငန်းများဖြစ်ပါသည်။ နယုန်လ၊ ဝါဆိုလနှင့် ဝါခေါင်လတွင် စပါးပျိုးကြဲခြင်းနှင့် မိုးပဲများစိုက်ပျိုးခြင်းလုပ်ငန်းကို လုပ်ကိုင်ပြီး တော်သလင်း၊ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလတွင် သီးနှံများရိတ်သိမ်းကြပါသည်။ တပို့တွဲ၊ တပေါင်းလများတွင်ဥယျာဉ်ခြံများကိုပေါင်းရှင်းပြီးဝါဆို၊ ဝါခေါင်၊ တော်သလင်းနှင့် သီတင်းကျွတ်လများတွင် ဥယျာဉ်ခြံလုပ်ငန်းများကိုလုပ်ကိုင်ကြသည်။ဘာသာရေးပွဲတော်အနေဖြင့်တန်ခူးလတွင် သင်္ကြန် ပွဲကျင်းပပါသည်။

ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူးနှင့် ကဆုန်လများတွင်ကျေးရွာသူကျေးရွာသားများအလုပ်အကိုင်နည်းပါးပြီး ထိုလများတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်မည်ဆိုလျှင် ကျေးရွာတွင်အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာမည်ဖြစ်သည်။

ပါဝင်ဆွေးနွေးသူ - ကျေးရွာသူကျေးရွာသားများ

ပါဝင်ဆွေးနွေးသူအရေအတွက် - ကျား - ၇ ၊ မ - ၁၆

# မေနအင်အားအဆင့်သတ်မှတ်ခြင်း

ကျေးရွာ - စပ်လဲ　　　　အုပ်စု - ကျောက်ပုံတောင်　　　　နေ့စွဲ - ၂၂.၂ .၂၀၁၇

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်း | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | အုတ်ခံသွပ်မိုးအိမ်၊ လယ်(၅) ဧက၊ နွား၊ ဆိုင်ကယ်၊ စက်ဘီး၊ လှည်း၊ လယ်ထွန်စက် (အသေး)၊ ဖုန်း၊ ကြက်၊ ဘဲ | ၁၀ | ၁၀.၆% |
| အလယ်အလတ် | ပျဥ်ထောင်အိမ်၊ စက်ဘီး၊ ဖုန်း၊ ကြက်၊ ဘဲ | ၃၁ | ၃၃% |
| နွမ်းပါး | တောင်ထန်းမိုးဂါးအိမ်၊ ဖုန်း၊ ကြက် | ၅၃ | ၅၆.၄% |
| စုစုပေါင်း | | ၉၄ | ၁၀၀% |

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျောက်ပုံတောင်အုပ်စု၊ စပ်လဲကျေးရွာ၏ ဥစ္စာခနေ့ခွဲခြားမှုသုံးသပ်ချက်။**

**နေ့စွဲ - ၂၂.၂.၂၀၁၆**

စပ်လဲကျေးရွာ၏ အဓိကစီးပွားရေးမှာ လယ်၊ ယာ၊ ဥယျာဉ်ကို အဓိကထားစိုက်ပျိုးလုပ်ကိုင် ကြပါသည်။မိုးတွင်းကာလ၌လယ်၊ယာနှင့်ဥယျာဉ်မြေများတွင်လယ်စိုက်ပျိုးခြင်း၊ပဲစိုက်ပျိုးခြင်းနှင့်ဒူးရင်းသီး၊တညင်းသီး၊ကွမ်းသီးစသောဥယျာဉ်လုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။ ဆောင်းရာသီတွင် စပါးများရိတ်သိမ်းခြင်း၊ ပဲများကိုရိတ်သိမ်းခြင်းနှင့်ဆောင်ပဲများပြန်လည်စိုက်ပျိုးကြပါသည်။စပ်လဲ ကျေးရွာ၏နေအိမ် အခြေအနေမှာ အုတ်ခံသွပ်မိုး၊ ပျဉ်ထောင်အိမ်၊ တောင်ထန်းမိုးဂါးအိမ်များဖြင့် ဆောက်လုပ်နေကြသည်။ အဆင်ပြေသောမိသားစုတို့သည် လယ်၊ နွား၊ ဆိုင်ကယ်၊ ထွန်စက် (အသေး)များပိုင်ဆိုင်ကြပြီး အလယ်အလတ်မိသားစုများတွင် စက်ဘီး၊ ဂက်၊ဘဲ၊ ကြက်များ သာပိုင်ဆိုင်ကြပါသည်။ သာမန်မိသားစုများတွင်လက်လုပ်လက်စားကျဘမ်းအလုပ်များသာလုပ် ကိုင်ကြပါသည်။

ပြဿနာအနှစ်ချုပ်

စပ်လဲကျေးရွာသည်လယ်ယာစိုက်ပျိုးခြင်းနှင့်ဥယျာဉ်ခြံလုပ်ငန်းများကိုအဓိကထား၍လုပ်ကိုင်ကြပြီးလက်လုပ်လက်စားပေါ်များပါသည်။ကျေးရွာတွင်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။

ပါဝင်ဆွေးနွေးသူ - ကျေးရွာသူကျေးရွာသားများ
ပါဝင်ဆွေးနွေးသူအရေအတွက် - ကျား - ၇ ၊ မ - ၁၆

# ပိုင်ဆိုင်မှုကိုအသုံးပြုခြင်း

ကျေးရွာ - စပ်လဲ　　　　အုပ်စု - ကျောက်ပုံတောင်　　　　နေ့စွဲ - ၂၂.၂.၂၀၁၇

| အမျိုးသား | အမျိုးသမီး | အမျိုးသား+အမျိုးသမီး |
|---|---|---|
| လှည်း | ဂက် | အိမ် |
| ဥယျာဉ် | | စက်ဘီး |
| ကျွဲ/နွား | | လယ် |
| ဆိတ် | | ဆိုင်ကယ် |
| လယ်ထွန်စက်(အသေး) | | |

# ပိုင်ဆိုင်မှုကိုထိန်းချုပ်ခြင်း

ကျေးရွာ - စပ်လဲ | အုပ်စု - ကျောက်ပုံတောင် | နေ့စွဲ - ၂၂.၂.၂၀၁၇

| အမျိုးသား | အမျိုးသမီး | အမျိုးသား+အမျိုးသမီး |
|---|---|---|
| | ဂျက် | အိမ် |
| | | ဥယျာဉ် |
| | | လှည်း |
| | | လယ် |
| | | စက်ဘီး |
| | | ဆိတ် |
| | | ဆိုင်ကယ် |
| | | လယ်ထွန်စက်(အသေး) |
| | | ကျွဲ / နွား |

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျောက်ပုံတောင်အုပ်စု၊ စပ်လဲကျေးရွာ၏အရင်းအမြစ် အသုံးချမှု၊ ခွဲခြမ်းစိတ်ဖြာမှုသုံးသပ်ချက်။**

**နေ့စွဲ - ၂၂.၂.၂၀၁၇**

စပ်လဲကျေးရွာ၏အရင်းအမြစ်အသုံးချမှု၊ခွဲခြမ်းစိတ်ဖြာမှုသုံးသပ်ချက်ကိုအမျိုးသားနှင့်အမျိုးသမီးများပူးပေါင်းဆွေးနွေးခဲ့ကြပါသည်။

စပ်လဲကျေးရွာတွင်အရင်းအမြစ်များအဖြစ်အိမ်၊ ဥယျာဉ်၊ လှည်း၊ လယ်၊ နွား၊ စက်ဘီး၊ ဆိတ်၊ ဆိုင်ကယ်၊ လယ်ထွန်စက်အသေး ၊ကျွဲ၊ နွား၊ ဂက်တို့ရှိပါသည်။ ထိုအရင်းအမြစ်နှင့်ပတ်သက်၍လှည်း၊ နွား၊ ဆိတ်၊
ဥယျာဉ်နှင့်လယ်ထွန်စက်အသေးများကိုအမျိုးသားများကအသုံးပြုကြပြီးဂက်ကိုအမျိုးသမီးများကအသုံးပြုကြပါသည်။၊ အိမ်၊ စက်ဘီး၊ လယ်၊ ဆိုင်ကယ်များကို အမျိုးသားနှင့် အမျိုးသမီးများ ကအသုံးပြုကြပါသည်။ ဂက်ကိုအမျိုးသမီးများက ထိန်းချုပ်ထားပြီး အိမ်၊ ဥယျာဉ်၊ လှည်း၊ လယ်၊ နွား၊ စက်ဘီး၊ ဆိတ်၊ ဆိုင်ကယ်၊ လယ်ထွန်စက်အသေး၊ ကျွဲ၊ နွားတို့ကိုအမျိုးသားနှင့်အမျိုးသမီးများကထိန်းချုပ်ကြပါသည်။

ပြဿနာအနှစ်ချုပ်


စပ်လဲကျေးရွာသည်လယ်ယာစိုက်ပျိုးရေးနှင့်ဥယျာဉ်ခြံလုပ်ငန်းကိုအဓိကလုပ်ကိုင်စားသောက်ကြရာလယ်ထွန်စက်အသေး၊လှည်း၊နွား၊ဆိတ်၊ဥယျာဉ်ခြံစသည့်အရင်းအမြစ်များကိုအမျိုးသားများအဓိကထားအသုံးပြုပြီးအမျိုးသမီးများမှာအိမ်မှုကိစ္စများကိုသာအလေးထားဆောင်ရွက်နေကြပါသည်။

ပါဝင်ဆွေးနွေးသူ - ကျေးရွာသူကျေးရွာသားများ

ပါဝင်ဆွေးနွေးသူအရေအတွက် - ကျား - ၈ ၊ မ - ၁၇

# ပင့်ကူအိမ်သုံးသပ်ခြင်း

ကျေးရွာ - စပ်လဲ　　　အုပ်စု - ကျောက်ပုံတောင်　　　နေ့စွဲ - ၂၂.၂.၂၀၁၇




အမျိုးသား -

အမျိုးသမီး -

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျောက်ပုံတောင်အုပ်စု၊စပ်လဲကျေးရွာ၏ပင့်ကူအိမ်သုံးသပ်ချက်။

နေ့စွဲ - ၂၂.၂.၂၀၁၇

စပ်လဲကျေးရွာပင့်ကူအိမ်သုံးသပ်ရာတွက်ခေါင်းစဉ် (၈) ခုဖြင့်ဆွေးနွေးခဲ့ပါသည်။ (၁)ပညာရေး၊ (၂) လူမှုရေး၊ (၃) အိမ်မှုကိစ္စ၊ (၄) ဆုံးဖြတ်ချက်ချမှု၊ (၅) ဦးဆောင်နိုင်မှု၊ (၆) ပိုင်ဆိုင်မှုထိန်းချုပ်မှု၊ (၇) ဝင်ငွေရရှိမှု၊ (၈) ကျန်းမာရေး တို့ဖြစ်ပါသည်။

စပ်လဲကျေးရွာ၏ အမျိုးသားနှင့်အမျိုးသမီးပညာရေးအခြေအနေသုံးသပ်ချက်မှာအမျိုးသားများသည် (၅၀%) ရရှိပြီးအမျိုးသမီးများသည်(၆၀%)ရရှိသည်။ အမျိုးသားများသည်အမျိုးသမီးများထက် ပညာရေးအခြေအနေ နည်းရခြင်းမှာ အမျိုးသားများသည်များသောအားဖြင့် ကျောင်းမနေဘဲအလုပ်လုပ်ကိုင်နေသောကြောင့်ဖြစ်သည်။ လူမှုရေးအခြေအနေသုံးသပ်ချက်တွင်အမျိုးသား ၁၀၀% ရရှိပြီးအမျိုးသမီးများသည်၅၀%ရရှိသည်၊၊အမျိုးသမီးများသည်အမျိုးသားများထက်လူမှုရေးအခြေအနေနည်းရခြင်းမှာအမျိုးသမီးများသည်ရပ်ရွာလူမှုရေးလုပ်ငန်းများတွင်ပါဝင်ခွင့်ရှိသော်လည်းအိမ်မှုကိစ္စများကိုလုပ်ကိုင်နေရခြင်းကြောင့်ဖြစ်သည်။အိမ်မှုကိစ္စအခြေအနေသုံးသပ်ချက်တွင်အမျိုးသား
၄၀%ရရှိပြီးအမျိုးသမီးများသည်၁၀၀%ရှိသည်။အမျိုးသားများသည်အမျိုးသမီးများထက်အိမ်မှုကိစ္စအခြေအနေနည်းရခြင်းမှာအမျိုးသားများသည်စားဝတ်နေရေးအတွက်ဝင်ငွေရှာဖွေနေရသဖြင့်အိမ်မှုကိစ္စဆောင်ရွက်နိုင်မှုအားနည်းရခြင်းဖြစ်ပါသည်။ဆုံးဖြတ်ချက်ချမှုအခြေအနေသုံးသပ်ချက်တွင်အမျိုးသားများက၈၀%အမျိုးသမီးများကလဲ၈၀%ရရှိပါသည်။ဆုံးဖြတ်ချက်ချမှုတွင်အမျိုးသားများနှင့်အမျိုးသမီးများတူနေရခြင်းမှာအမျိုးသားနှင့်အမျိုးသမီးများသည်ဆုံးဖြတ်ချက်ချရာတွင်တစ်ဦးနှင့်တိုင်ပင်ပြီးမှဆုံးဖြတ်ကြပါသည်။ဦးဆောင်နိုင်မှုတွင်အမျိုသားများသည် ၁၀၀%ရရှိပြီးအမျိုးသမီးများသည် ၅၀%ရရှိပါသည်။ အမျိုးသမီးများသည်အမျိုးသားများထက်ဦးဆောင်နိုင်မှုနည်းရခြင်းမှာ အမျိုးသမီးများသည် နေ့စဉ်အိမ်မှုကိစ္စများကိုဆောင်ရွက်နေရသောကြောင့်ဖြစ်ပါသည်။ပိုင်ဆိုင်မှုထိန်းချုပ်မှုတွင်အမျိုးသားများသည်၁၀၀%နှင့်အမျိုးသမီးများသည်လဲ၁၀၀%ရရှိပါသည်။ အမျိုးသားနှင့်အမျိုးသမီးများသည် ပိုင်ဆိုင်မှုကိုအတူတကွပိုင်ဆိုင်ပြီးအတူတကွထိန်းချုပ်ကြသည်။ ဝင်ငွေရရှိမှုတွင်အမျိုးသားများသည်၇၀%အမျိုးသမီးများသည်၅၀%ရရှိပါသည်။ အမျိုးသမီးများဝင်ငွေနည်းရခြင်းမှာ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဦးဆောင်နိုင်မှုနည်းပါးခြင်းနှင့်အိမ်မှုကိစ္စလုပ်ကိုင်နေရခြင်း


ကြောင့်ဖြစ်ပါသည်။ ကျန်းမာရေးအခြေအနေတွင်အမျိုးသားများသည် ၅၀%နှင့်အမျိုးသမီးများသည် ၇၀% ရရှိပါသည်။

ပါဝင်ဆွေးနွေးသူ - ကျေးရွာသူကျေးရွာသားများ

ပါဝင်ဆွေးနွေးသူအရေအတွက် - ကျား - ၈ ၊ မ - ၁၇

# အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား

ကျေးရွာ - စပ်လဲ　　　အုပ်စု - ကျောက်ပုံတောင်　　　နေ့စွဲ-၂၂.၂.၂၀၁၇



**ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ်၊ကျောက်ပုံတောင်အုပ်စု၊စပ်လဲကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်ပုံ သုံးသပ်ချက်။**

**နေ့စွဲ - ၂၂.၂.၂၀၁၇**

စပ်လဲကျေးရွာတွင်ရှိသောအဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ကျောင်းကော်မတီအဖွဲ့၊ဂေါပကအဖွဲ့၊ အသင်းတော်အဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ လူမှုရေးအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ လူထုဗဟိုပြု စီမံကိန်းအထောက်အကူပြုကော်မတီအဖွဲ့တို့ဖြစ်ပါသသည်။ ကျေးရွာပြင်ပနှင့်ချိတ်ဆက်မှုရှိသောအဖွဲ့မှာမြို့ နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးဌာန၊ မြို့နယ်ကျန်းမာရေးဌာနနှင့် လူထုဗဟိုပြုစီမံကိန်းအဖွဲ့တို့ဖြစ် ပါသည်။


စပ်လဲကျေးရွာ၏သာရေးနာရေး၊လူမှုရေးနှင့်ဖွံ့ဖြိုးရေးတို့တွင်ကျေးရွာအုပ်ချုပ်ရေးမှူး၊ကျောင်းကော်မ တီအဖွဲ့၊ဂေါပကအဖွဲ့၊အသင်းတော်အဖွဲ့၊အမျိုးသမီးရေးရာအဖွဲ့၊လူမှုရေးအဖွဲ့၊မိခင်နှင့်ကလေးစောင့်ရှောက် ရေးနှင့်လူထုဗဟိုပြုစီမံကိန်းအထောက်အကူပြုကော်မတီတို့သည်ချိတ်ဆက်၍အတူတကွလုပ်ကိုင်ဆောင် ရွက်ကြပါသည်။

ပါဝင်ဆွေးနွေးသူ - ကျေးရွာသူကျေးရွာသားများ

ပါဝင်ဆွေးနွေးသူအရေအတွက် - ကျား - ၈ ၊ မ - ၁၇

# ပြဿနာသစ်ပင်

ကျေးရွာ - စပ်လဲ    အုပ်စု - ကျောက်ပုံတောင်    နေ့စွဲ - ၂၂.၂.၂၀၁၇



**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျောက်ပုံတောင်အုပ်စု၊ စပ်လဲကျေးရွာ၏ရွာတွင်းလမ်းမကောင်းခြင်းအခက်အခဲသုံးသပ်ချက်။**

**နေ့စွဲ - ၂၂.၂.၂၀၁၇**

စပ်လဲကျေးရွာ၏အဓိကရင်ဆိုင်နေရသော ပြဿနာမှာရွာတွင်းလမ်းမကောင်းခြင်းဖြစ်သည်။ ရွာတွင်းလမ်းမကောင်းရခြင်း၏ အကြောင်းအရင်းမှာ လက်ရှိလမ်းမှာမြေသားလမ်းဖြစ်ခြင်း၊ မိုးရာသီရေတိုက်စားခြင်းပြုပြင်ရန်ရန်ပုံငွေများမရှိခြင်း၊လမ်းဘေးရေနုတ်မြောင်းမရှိခြင်းနှင့်လမ်းဧရိယာကျဉ်းခြင်းတို့ကြောင့်ဖြစ်သည်။

ရွာတွင်းလမ်းမကောင်းခြင်းကြောင့်ဖြစ်ပေါ်လာသောအကျိုးဆက်များမှာကလေးများကျောင်းသွားကျောင်းပြန်ခက်ခဲခြင်း၊စီးပွားရေးနှောင့်နှေးခြင်း၊လူမှုရေးအတွက်သွားလာရန်ခက်ခဲခြင်း၊စက်ဘီး၊ဆိုင်ကယ်များသွားလာရန်ခက်ခဲခြင်းနှင့်ရွာသားများသွားလာရေးခက်ခဲခြင်းတို့ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူ - ကျေးရွာသူကျေးရွာသားများ

ပါဝင်ဆွေးနွေးသူအရေအတွက် - ကျား - ၁၅ ၊ မ - ၃၃

# ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ကျေးရွာ - စပ်လဲ | အုပ်စု - ကျောက်ပုံတောင် | နေ့စွဲ - ၂၂.၂.၂၀၁၇

| စဉ် | ပြဿနာအခက်အခဲ | အဆိုပြုသူ | လုပ်ဆောင်ချက် | ဦးစားပေးအဆင့် |
|---|---|---|---|---|
| ၁ | ဘက်စုံခန်းမဆောင်မရှိခြင်းကြောင့်၊ရပ်ရွာအစည်းအဝေးများနှင့် ရိုးရာပွဲလမ်းသဘင်များ ကျင်းပရာတွင်ခက်ခဲခြင်း | အမျိုးသား + အမျိုးသမီး | ဘက်စုံခန်းမဆောင် | ၁ |
| ၂ | ရွာတွင်းလမ်းသည်မြေသားလမ်းဖြစ်သောကြောင့် မိုးရာ သီတွင်သွားလာရန်ခက်ခဲခြင်း | အမျိုးသား + အမျိုးသမီး | ရွာတွင်လမ်း(ဂဝံ) | ၂ |
| ၃ | နွေရာသီတွင်ရေခမ်းခြောက်ခြင်းကြောင့်ရေလုံလောက်စွာမရရှိခြင်း | အမျိုးသား + အမျိုးသမီး | စိမ့်စမ်းရေသွယ်ယူခြင်း | ၃ |
| ၄ | နွေရာသီတွင်ရေခမ်းခြောက်ခြင်းကြောင့်ရေရရှိမှုတွင်အခက်အခဲများကြုံတွေ့ရခြင်း | အမျိုးသမီး | စက်ရေတွင်း | ၄ |
| ၅ | လူငယ်လူရွယ်များအသိပညာဗဟုသုတနည်းပါးခြင်းအခက်အခဲ | အမျိုးသား + အမျိုးသမီး | စာကြည့်တိုက် | ၅ |
| ၆ | မီးမရှိသည့်အတွက်သွားလာရန်ခက်ခဲခြင်းနှင့်အဆိပ်ရှိသတ္တဝါအန္တရာယ်ကြောက်ရခြင်း | အမျိုးသား | ဆိုလာမီး | ၆ |
| ၇ | ဆေးပေးခန်းမရှိသောကြောင့်ကျန်းမာရေးအတွက်လွယ်ကူ စွာမကုသနိုင်ခြင်းအခက်အခဲ | အမျိုးသား + အမျိုးသမီး | ဆေးပေးခန်း | ၇ |

# ကော်မတီဝင်စာရင်းများ

ကျေးရွာ - စပ်လဲ　　　　　　　　　　　　　　　　အုပ်စု - ကျောက်ပုံတောင်

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | စောဆာပေါ်ထူး | ကျေးရွာ/အုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ |
| ၂ | နော်ဒီးဖေါ | ကျေးရွာ/အုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ |
| ၃ | စောရဲမင်းပိုင် | ဝယ်ယူရေးကော်မတီဥက္ကဌ |
| ၄ | နော်မီးမီး | ဝယ်ယူရေးအဖွဲ့ဝင် |
| ၅ | စောပါီဂေ | ဝယ်ယူရေးအဖွဲ့ဝင် |
| ၆ | စောသန်းထိုက် | စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဥက္ကဌ |
| ၇ | နော်ကြယ်ထူး | စောင့်ကြည့်ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် |
| ၈ | နော်ဖိုထူး | စောင့်ကြည့်ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် |
| ၉ | စောဒေး | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီဥက္ကဌ |
| ၁၀ | စောဒါးဂါး | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် |
| ၁၁ | နော်မူဒေါထူး | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် |
| ၁၂ | စောတဂေါ်ထူး | ဂေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၃ | နော်ထူးထူးဖေါ | ဂေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၄ | နော်လူးလူး | ငွေစာရင်းကိုင် ః |
| ၁၅ | စောထူးဂေ | စေတနာ့ဝန်ထမ်း |
| ၁၆ | နော်ဌေးဌေး | စေတနာ့ဝန်ထမ်း |
| ၁၇ | စောအောင်ကျော်စိုး | အုပ်စုဘဏ္ဍာရေးဥက္ကဌ |
| ၁၈ | စောမင်းစံ | အုပ်စုဘဏ္ဍာရေးအဖွဲ့ဝင် |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | | |
|---|---|---|---|---|
| ***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | | |
| ကျေးရွာခေါင်းဆောင်အမည်<br>စောနီမူး | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>09 452 035672 | လူထုစည်းရုံးရေးမှူး၏ အမည်<br>စောကလယ်မူး | |
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ကျောက်ပုံတောင် | ကျေးရွာ စဝ်လဲ | |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ကရင်--- | ၉၂ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၈၃ |
| လူမျိုးစု (၂) ---ဗမာ--- | ၂ | ဘာသာ (၂) ---ခရစ်ယာန်--- | ၁၁ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရေ -------------- | | ဘာသာရေ ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၆ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ကရင်--- | ၂၆၁ | ၂၇၂ |
| လူမျိုးစု (၂)---ဗမာ--- | ၂ | ၄ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၈၃ | ၁၁ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား [illegible]ကျောင်း | ☑ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/**(မရှိပါ)**/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်---------/**(မသိပါ)**

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /**(မသိပါ)**

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ -------------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------------------------------------

(၂) ------------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် | ဦး [illegible] |
| | လက်မှတ် | [signature] နေ့စွဲ ၂၂.၂.၂၀၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် | [illegible] |
| | လက်မှတ် | [signature] နေ့စွဲ ၂၂.၂.၂၀၁၇ |

## ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| ***လမ်းညွှန်ချက်။*** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဇော်ကလယ်မူး | | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု ကျောက်ပုံအောင် | ကျေးရွာ စပ်လဲ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၂.၂.၂၀၁၇ | ၂၂.၂.၂၀၁၇ | ၁၅ | ၃၃ | ၄၈ | ကရင် \| ၄၈ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၂.၂.၂၀၁၇ | ၂၂.၂.၂၀၁၇ | ၁၅ | ၃၃ | ၄၈ | ကရင် \| ၄၈ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၂.၂.၂၀၁၇ | ၂၂.၂.၂၀၁၇ | ၁၅ | ၃၃ | ၄၈ | ကရင် \| ၄၈ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | \| |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| ***လမ်းညွှန်ချက်*။** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဂန်ထမ်း အမည် - ဒေါကလာယ်ရှ: | | | |
| နေ့စွဲ - ၂၂ . ၂ . ၂၀၁၇ | | စက်ဂန်းအား အမှတ်ခြစ်ပါ (√) □ စက်ဂန်း(၁) ☑ စက်ဂန်း(၂) □ စက်ဂန်း(၃) □ စက်ဂန်း(၄) | |
| ပြည်နယ်/တိုင်း<br>ပဲခူး | မြို့နယ်<br>ကျောက်ကြီး | ကျေးရွာအုပ်စု<br>ကျောက်ပုံတောင် | ကျေးရွာ<br>ဝဟ်လဲ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်မရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| **အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ** | | **အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ** | |
|---|---|---|---|
| ၁ | အလုပ်အကိုင်ခန်း မရှိခြင်း ကြောင့်ရပ်ရွာအသည်းအဝေးနှင့် ဒိုးရှုပွဲလာဓါးသဘင်များကျင်းပရာတွင်ငွေရှုအခက်အခဲဖြစ်ခြင်း | ၁ | မိုးရာသီတွင်ရေခမ်း ခြောက်ခြင်းကြောင့် ဝေးသောနေရာများသို့ရေသွားခပ်ရခြင်းအခက်အခဲ။ |
| ၂ | သန့်ရှင်းလုံလောက်သောရေမရှိသောကြောင့်ကျန်းမာရေးထိခိုက်သည့်အခက်အခဲ | ၂ | လျှပ်စစ်မီး မရှိသည့်အတွက်ညအချိန်သွားလာရာတွင်ခက်ခဲခြင်းနှင့် အဆိပ်ရှိသတ္တဝါအန္တရာယ်များကြောက်ရခြင်း။ |
| ၃ | ရွာတွင်းလမ်းများပျက်စီးနေသောကြောင့်သွားလာရာတွင်ခက်ခဲခြင်း | ၃ | ရွာတွင်းလမ်း သည်မြေသားလမ်းဖြစ်သောကြောင့်မိုးရာသီတွင်သွားလာရခက်ခဲခြင်း |
| ၄ | ဆရာဝန်တိုက်ရိုက်မရှိသောကြောင့် ဆေးဝါးကုသမှုခံယူနိုင်ခြင်းအခက်အခဲ | ၄ | အလှူအတန်းများ၊ အသည်းအဝေးများနှင့် ဒိုးရှုပွဲလမ်းသဘင်ကျင်းပရာ ငွေရှုအခက်အခဲဖြစ်ခြင်း။ |
| ၅ | ဆေးပေးခန်း မရှိသောကြောင့်ကျန်းမာရေးအတွက် ဆေးဝါးကုသနိုင်ခြင်းအခက်အခဲ | ၅ | ဆရာဝန်တိုက်ရိုက်မရှိခြင်းကြောင့် ဆေးဝါးကုသမှုခံယူနိုင်ခြင်းအခက်အခဲ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ** | | **အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ** | |
|---|---|---|---|
| ၁ | သန့်ရှင်းလုံလောက်သောရေကောင်းရေသန့် ရရှိစေရန် | ၁ | ရွာတွင်းလမ်းများကိုကတ္တရာလမ်းဖြစ်လာစေရန်။ |
| ၂ | အလုပ်အကိုင်အခွင့်အလမ်းများ ရှိလာစေရန်။ | ၂ | ကျေးရွာတွင် လျှပ်စစ်မီးရှိလာ၍ ဖွံ့ဖြိုးတိုးတက်လာစေရန်။ |

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၃ | ကျန်းမာရေးအတွက် ကာကွယ်ကုသနိုင်သော ဆေးပေးခန်း ရှိလာစေရန်။ | ၃ | ကျေးရွာလူထုများ ဗဟုသုတ တိုးပွားလာရန်အတွက် စာကြည့်တိုက် ရှိလာစေရန်။ |
| ၄ | ရာသီမရွေး သွားလာ၍ အဆင်ပြေသော ရွာတွင်းလမ်း ရှိ စေရန်။ | ၄ | ရေသောက်သော သောက်သုံးရေ ရရှိလာစေရန် |
| ၅ | စာကြည့်တိုက် ရှိလာပြီး ကျေးရွာလူထု အသိပညာဗဟုသုတ တိုးပွားလာစေရန် | ၅ | အက်ဖုံသုံး ခန်းမဆောင် ရှိလာပြီး အစည်းအဝေးများ၊ ရိုးရာပွဲလမ်းသဘင်များကို ကျင်းပနိုင်လာစေရန်။ |
| ၆ | | ၆ | |
| ၇ | | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအဟွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | အက်ဖုံခန်းမဆောင် | ကျား + မ | | ၅၃၉ |
| ၂ | ရွာတွင်းလမ်း (ကဗ်လမ်း) | ကျား + မ | | ၅၃၉ |
| ၃ | မိမိစမ်းရေသွယ်ယူခြင်း | ကျား | | ၅၃၉ |
| ၄ | စက်ရေတွင်း | မ | | ၅၃၉ |
| ၅ | စာကြည့်တိုက် | ကျား + မ | | ၅၃၉ |
| ၆ | ဆိုလာမီး | ကျား | | ၅၃၉ |
| ၇ | ဆေးပေးခန်း | ကျား + မ | | ၅၃၉ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် နော်ဒီးမော် လက်မှတ် မော် နေ့စွဲ 22.2.2017

## ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| |
|---|
| *လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် - ဒေါ်ကလာဝင်း |
| နေ့စွဲ 22. 2. 2017 — စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ပဲခူး — မြို့နယ် ကျောက်ကြီး — ကျေးရွာအုပ်စု ကျောက်ဆိပ်ဂေါင် |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ဇပ်လဲ | ခန်းမဆောင် နှင့် သုသာန်ခြံစည်းရိုးကာရံခြင်း | 60'x30'x12' 240' x 6' | 539 | ☐ ကျား ☐ မ ☑ ကျား + မ | 21000000 | | \| | \| | 21000000 |
| | | | | ☐ ကျား ☐ မ ☐ ကျား + မ | | | \| | \| | |
| | ကျောင်းဂဝံ လမ်းခင်းခြင်း | 2654'x8'x9' | 539 | ☐ ကျား ☐ မ ☑ ကျား + မ | 12000000 | | \| | \| | 12000000 |
| | | | | ☐ ကျား ☐ မ ☐ ကျား + မ | | | \| | \| | |
| | | | | ☐ ကျား ☐ မ ☐ ကျား + မ | | | \| | \| | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် နော်ဒီဖော် လက်မှတ် ဖော် ရက်စွဲ 22. 2. 2017

**၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ ညနေ (၁း၀၀) နာရီတွင် ကျောက်ကြီးမြို့နယ်၊ ကျောက်ပုံတောင်ကျေးရွာ အုပ်စု စပ်လဲကျေးရွာတွင် ကျင်းပပြုလုပ်သော လူထုဖော်ပြုစီမံကိန်း ဒုတိယစက်ဝန်း ပထအကြိမ်၊ ဒုတိယအကြိမ်နှင့် အုပ်စုအစည်းအဝေးမှတ်တမ်း။**

**အစည်းအဝေးတက်ရောက်သူများ**

၁။ ဦးအောင်နိုင် လက်ထောက်နည်းပညာမှူး

၂။ စောကလယ်မူး လူထုစည်းရုံးရေးမှူး

၃။ ကျေးရွာလူထု (PC – 12 )

**ရည်ရွယ်ချက်**

လူထုဖော်ပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းအတွက် စီမံကိန်းအကြောင်းမိတ်ဆက်ခြင်း၊အခက်အခဲနှင့်မျှော်မှန်းချက်များ၊ လုပ်ငန်းများရွေးချယ်ခြင်းနှင့်ကော်မတီများပြန်လည်အတည်ပြုခြင်း၊ပြန်လည်ရွေးချယ်ခြင်း၊ အုပ်စု ကော်မတီများပြန် လည်အတည်ပြုခြင်း၊ပြန်လည်ရွေးချယ်ခြင်းနှင့်ဒုတိယနှစ်စက်ဝန်းအတွက်လုပ်ငန်းအတည်ပြုခြင်း ကိုရည်ရွယ်ပါသည်။

**ဆွေးနွေးချက်များ**

၁။ ရှေးဦးစွာ စပ်လဲကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထိုနောက် ဝန်ထမ်းများမှ လည်း မိတ်ဆက်ခဲ့ကြပါသည်။

၂။ ဆက်လက်၍ လူထုစည်းရုံးရေးမှူးစောကလယ်မူးမှ လူထုဖော်ပြုစီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်းမိတ်ဆက်၊ စီမံ ကိန်းစက်ဝန်းများကိုရှင်းလင်းပြောကြားခဲ့သည်။

၃။ လက်ထောက်နည်းပညာမှူး ဦးအောင်နိုင်မှ အကျုံးဝင်၊အကျုံးမဝင်သောလုပ်ငန်းများအကြောင်းကိုရှင်းလင်းပြော ကြားခဲ့သည်။

၄။ ဆက်လက်၍အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်းဖြစ်သော လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ၊ ဥစ္စာဓနခွဲခြမ်းစိတ်ဖြာခြင်း၊ ပိုင်ဆိုင်မှုကိုအသုံးပြုခြင်းနှင့်ပိုင်ဆိုင်မှုကိုထိန်းချုပ်ခြင်း၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ ရာသီခွင်ပြပြက္ခဒိန်နှင့် အဖွဲ့အစည်းချိတ် ဆက်မှုပြဇယားများကိုအသီးသီးပြုလုပ်ခဲ့ကြသည်။

၅။ ထိုနောက်အမျိုးသမီးအမျိုးသားများနှစ်ဖွဲ့ခွဲ၍ အခက်အခဲပြဿနာနှင့်မျှော်မှန်းချက်များကိုဆွေးနွေးခဲ့ကြပြီးဦးစားပေး လုပ်ငန်းများကိုရွေးချယ်ခဲ့ကြသည်။

၆။ ကော်မတီများပြန်လည်အတည်ပြုခြင်းနှင့်ပြန်လည်ရွေးချယ်ခြင်းအစီအစဉ်ကို လူထုစည်းရုံးရေးမှူးစောကလယ်မူးမှ ဦးဆောင်၍ကျေးရွာလူထုနှင့်အတူဆွေးနွေးခဲ့ကြပါသည်။ ထိုသို့ဆွေးနွေးရာတွင် ကျေးရွာလူထုမှ ပထမနှစ်စီမံကိန်း တွင် လုပ်ဆောင်ခဲ့သော ကော်မတီများကို ဒုတိယနှစ်တွင်လည်းဆက်လက်လုပ်ဆောင်ရန်ဆွေးနွေးတင်ပြခဲ့ပါသည်။ ကော်မတီများကလည်း ကျေးရွာလူထုသဘောတူလျှင်ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ သို့

သော်စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဥက္ကဌသည်အခြားမြို့တွင်သွားရောက်အလုပ်လုပ်ကိုင်သောကြောင့်ထိုကော်မတီနေရာတွင်ကော်မတီအစားထိုးပြန်လည်ရွေးချယ်ရန်တင်ပြခဲ့ကြသည်။ ထိုနောက်စောင့်ကြည့်ကြီးကြပ်ရေးကော်မဥက္ကဌကိုကျေးရွာလူထုသဘောတူဆုံးဖြတ်ရွေးချယ်သည့်အတိုင်းရွေးချယ်ခဲ့ကြပါသည်။ ဆက်လက်၍ အုပ်စုကော်မတီများကိုပြန်လည်အတည်ပြုရာတွင် လည်းပထမနှစ်တွင်လုပ်ဆောင်ခဲ့သည့် ကော်မတီများအတိုင်းပြန်လည်လုပ်ဆောင်ရန် အားလုံးသဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

၈။ ထိုနောက် ဒုတိယနှစ်စက်ဝန်းတွင် လုပ်ဆောင်မည့်လုပ်ငန်းများကိုဆွေးနွေးပြီးအများသဘောတူဆုံးဖြတ်ရွေးချယ်ခဲ့ကြပါသည်။

## ဆုံးဖြတ်ချက်များ

၉။

(က)

| စဥ် | ဆုံးဖြတ်ချက် | လုပ်ဆောင်ရန် |
|---|---|---|
| ၁ | စောဆာပေါ်ထူး (ကျေးရွာ/အုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) | စောဆာပေါ်ထူး |
| ၂ | နော်ဒီးဖော (ကျေးရွာ/အုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) | နော်ဒီးဖော |
| ၃ | စောရဲမင်းပိုင်(ဂယ်ယူရေးကော်မတီဥက္ကဌ) | စောရဲမင်းပိုင် |
| ၄ | နော်မီးမီး (ဂယ်ယူရေးအဖွဲ့ဝင်) | နော်မီးမီး |
| ၅ | နော်ဟီဂေ (ဂယ်ယူရေးအဖွဲ့ဝင်) | စောဟီဂေ |
| ၆ | စောဒေး(စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဥက္ကဌ) | စောဒေး |
| ၇ | နော်မူဒေါ်ထူး (စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ) | နော်မူဒေါ်ထူး |
| ၈ | စောဒါးဂါး (စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ) | စောဒါးဂါး |
| ၉ | စောသန်းထိုက်(လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီဥက္ကဌ) | စောသန်းထိုက် |
| ၁၀ | နော်ကြယ်ထူး(လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီ) | နော်ကြယ်ထူး |
| ၁၁ | နော်ဖိုထူး(လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီ) | နော်ဖိုထူး |
| ၁၂ | စောတပေါ်ထူး (ဂေဖန်အကြံပြုကိုယ်စားလှယ်) | စောတပေါ်ထူး |
| ၁၃ | နော်ထူးထူးဖေါ် (ဂေဖန်အကြံပြုကိုယ်စားလှယ်) | နော်ထူးထူးဖေါ် |
| ၁၄ | စောထူးဂေ (စေတနာ့ဝန်ထမ်း) | စောထူးဂေ |
| ၁၅ | နော်ဌေးဌေး (စေတနာ့ဝန်ထမ်း) | နော်ဌေးဌေး |
| ၁၆ | နော်လူးလူး (ကျေးရွာငွေစာရင်းကိုင်) | နော်လူးလူး |
| ၁၇ | စောအောင်ကျော်စိုး (ဘဏ္ဍာရေးဥက္ကဌ) | စောအောင်ကျော်စိုး |
| ၁၈ | စောမင်းစံ (ဘဏ္ဍာရေးအဖွဲ့ဝင်) | စောမင်းစံ |

(ခ)

| စဉ် | ဆုံးဖြတ်ချက်များ | လုပ်ဆောင်ရန် |
| --- | --- | --- |
| ၁ | ရွာတွင်းဂုံလမ်းခင်းခြင်း | ကော်မတီဝင်များနှင့်ကျေးရွာလူထု |
| | ဘက်စုံခန်းမဆောင် | ကော်မတီဝင်များနှင့်ကျေးရွာလူထု |
| | | |

၈။ အစည်းအဝေးကိုဆက်လက်ဆွေးနွေးရန်မရှိတော့သဖြင့် (၅း၀၀) နာရီတွင်ရုတ်သိမ်းလိုက်ပါသည်။